
# ကြွေးဟောင်းဆပ်ခွင့်ပြုပြီလေ



တက္ကသိုလ်နေမင်း



သုခမိန်းရေဆရာတော်

**အရှင်တေဇနီယ** (တက္ကသိုလ်နေမင်း)

အောင်မေဓသျှာအဆောင်မှူး လ/ထ စာကြည့်တိုက်မှူး

ဓမ္မာစရိယ+ဆေးမဟာဝိဇ္ဇာ+

**M.E.T (SANGHA UNIVERSITY)**

**09 - 421091519, 01-663469**

အရှင်တေဇနိယ (တက္ကသိုလ်နေမင်း)
လ/ထ စာကြည့်တိုက်မှူး၊ အဆောင်မှူး
ဓမ္မာစရိယ+ဆေးမဟာဝိဇ္ဇာ၊ သာသနာပြုဓမ္မကထိက
M.E.T (MONASTIC EDUCATION TEACHERSHIP)
သံဃတက္ကသိုလ်ရေကူး၊ ကမ္ဘာအေး၏
ထေရုပ္ပတ္တိ

အရှင်တေဇနိယအား မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် မြေရင့်ရွာတွင် ခမည်းတော် ဦးဖဲကျော်၊ မယ်တော် ဒေါ်မှီတို့ မှ (၁၃၄၆) ခုနှစ် ကဆုန်လဆန်း (၆) ရက် (၅.၅.၁၉၈၄) စနေနေ့ည (၁၁) နာရီအချိန်တွင် ဖွားမြင်တော်မူသည် ။

မွေးချင်း (၇) ယောက်တွင် ပဥ္စမမြောက်သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်အောင်သန်းဌေးဖြစ်သည် ။

မွေးချင်းများမှာ -

၁။ မောင်မြင့်စိုး
(အစ်ကိုအကြီးဆုံး)

၂။ မပိန် (ခ) မစန်းမြင့်
(အစ်မကြီး)

၃။ မောင်မြင့်တိုး
(အစ်ကိုလတ်)

၄။ မောင်အောင်သန်းဇော်
(အစ်ကိုလေး)

၅။ မောင်အောင်သန်းဌေး
(ဆရာတော်လောင်းလျာ)

၆။ မသန်းမော်ဌေး
(ဆရာတော်၏ နှမ)

၇။ မောင်သန်းထွန်းလေး
(ညီအငယ်ဆုံး)

တို့ ဖြစ်ကြသည် ။

ဆရာတော်လောင်းလျာ၏ အသက်(၆)နှစ်အရွယ်တွင် ဖခင်ဦးဖဲကျော် ကွယ်လွန်အနိစ္စရောက်သဖြင့် မြေကြားဆရာတော်မှ ခေါ်ယူစောင့်ရှောက်ခဲ့ပြီး မြေကြားကျောင်းတွင် အစ်ကိုမြင့်တိုး၊ ကိုအောင်သန်းဇော်တို့ နှင့်အတူ အခြေခံစာပေများ သင်ယူခဲ့သည် ။

ကျောင်းသားငယ်ဘဝဖြင့် (၅)နှစ်ကျော် နေထိုင်ခဲ့ပြီး (၁၁)နှစ်သား အရွယ်တွင် မြေကြားဆရာတော် ဘဒ္ဒန္တသာဂရသာသနဓဇသိရီပဝရ ဓမ္မာစရိယကို ဥပဇ္ဈာယ်ပြု၍ မိခင်ဒေါ်မှီ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေဘဝသို့ရောက်ရှိခဲ့သည် ။

သက်တော် (၁၈)နှစ်၊ သာမဏေ (၈)ဝါအရတွင် ရှင်လိင်ပြန်၍ မယ်တော်ကြီး ဒေါ်အေးစိန်မိသားစုတို့ ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဒုတိယ အကြိမ် ရှင်သာမဏေပြုခဲ့သည် ။

သက်တော်(၂၀)၊ (၁၃၆၆)ခုနှစ်တွင် ညောင်ရွာ၊ မာန်အောင်ဆရာတော် ဘဒ္ဒန္တဇာဂရမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ၊ ဗောဓိမဏ္ဍိုင်ဆရာ

တော်ဘဒ္ဒန္တဝီရိယ (ဓမ္မာစရိယ+ပါဠိပါရဂူ) မထေရ်မြတ်မှ ပထမကမ္မဝါစာဆရာအဖြစ် ချီးမြှောက်တော်မူ၍ ကာရကသံဃာတော် (၂၄) ပါးတို့ မှ ချီးမြှောက်တော်မူကာ ရဟန်းဒါယိကာမ ဒေါ်အေးဆန်း၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည် ။

*****

## ပညာသင်ယူခဲ့သော
## စာသင်တိုက်များ နှင့် ဆရာတော်များ

မကွေးတိုင်းမြိုင်မြို့နယ် မြေရင့်ရွာမြေကြားကျောင်းဆရာတော် ဘဒ္ဒန္တသာဂရ (သိရီပဝရဓမ္မာစရိယ) ထံတော်တွင် လောကနီတိပရိတ်ကြီး အစရှိသည် နှင့် လောကီရေးရာအခြေခံပညာများကို သင်ယူခဲ့ပြီး ပခုက္ကူမြို့ ဖောဓိမဏ္ဍိုင်စာသင်တိုက် ဖောဓိမဏ္ဍိုင်ဆရာတော် ဘဒ္ဒန္တဝီရိယ (ဓမ္မာရိယ-ပါဠိပါရဂူ)နှင့် စာချဆရာတော်များ ။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အောင်သုခဗိမာန်စာသင်တိုက်၊ အောင်သုခဆရာတော် ဘဒ္ဒန္တက္ကန္ဒဝသ (ဓမ္မာစရိယ၊ စူဠအာဘိဓမ္မိကအဂ္ဂဝိသာဒရညာဏ)နှင့် စာချဆရာတော်များ ။

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့၊ အောင်မြေလောကစာသင်တိုက်၊ အောင်မြေလောကဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသနှင့် စာချဆရာတော်များ ။

ရန်ကုန်တောင်ဥက္ကလာပမြို့နယ် ငွေကြာရံပရိယတ္တိစာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃာ့မဟာနာယက ဒုတိယဥက္ကဋ္ဌ ငွေကြာရံဆရာတော် ဘဒ္ဒန္တရေဝတနှင့် စာချဆရာတော်များ ။

ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဝံသ (သာသနဓဇ ဓမ္မာစရိယ) နှင့် စာချဆရာတော်

များ ။

ဖျာပုံမြို့ ထန်းပင်ကျောင်းစာသင်တိုက် ဖျာပုံဆရာတော် ဘဒ္ဒန္တဝေပုလ္လ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင်နှင့် စာချဆရာတော်များ ၊

မန္တလေးပုသိမ်ကြီးမြို့နယ် ကျောက်မီးသွေးဆေးရုံ အဘိဓမ္မတောင်သာဆေးပညာတက္ကသိုလ် သုခမိန်ဦးဘိုကြည်၊ သမားတော်ဦးမြတ်မင်း (ဓမ္မာစရိယ+မဟာဘိသက္က ပဏ္ဍိတတောင်သာ) နှင့် နယဒေသကဆရာများ ။

ရန်ကုန်မြို့ ကမ္ဘာအေး ရေကူးသံဃာတက္ကသိုလ် သံဃတက္ကသိုလ်ဆရာတော် ဘဒ္ဒန္တကုမုဒ (ဓမ္မာစရိယ+ကမ္မဋ္ဌာနာစရိယ LLB B.S.T B.E.T) နှင့် ကတိကဆရာတော်များ ၊ ဆရာ၊ ဆရာမများ ထံတွင် လောကီပညာ၊ လောကုတ္တရာပညာများကို သင်ယူခဲ့သည် ။

## တက်ရောက်ခဲ့သောသင်တန်းများ

၁။ နိုင်ငံတော်သံဃာ့မဟာနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ပို့ချတော်မူသော နွေရာသီပဋ္ဌာန်းသင်တန်း (ဝေဒနာတိတ်) (၂၀၀၃-ခု၊ မေလ)။

၂။ အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက်၊ ဘဒ္ဒန္တတိလောကာဘိဝံသ၏ နွေရာသီယမိုက်၊ ပဋ္ဌာန်းသင်တန်း။ (၂၀၁၄၊ မေလ)။

၃။ စမ်းချောင်း ဗားကရာတိုက်၊ ပရိယတ္တိဝါးကျောင်းဆရာတော် ဘဒ္ဒန္တသုဒဿ၏ နက္ခတ္တဝေဒ၊ အာကာသသိပ္ပံ၊ တြိစက္ကဇာတာသင်တန်း (၂၀၀၆-ခု၊ ဇွန်လ)။

၅။ ကြည့်မြင်တိုင် သာစုတိုက် နွေရာသီ ဓမ္မာစရိယနှင့် ရွှေညဝါဆရာဖြစ်သင်တန်း (၂၀၀၇-ခု၊ မေလ)။

၆။ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ပသုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၊ ပသုံးလုံးဆရာတော် ဘဒ္ဒန္တဇောတိက (သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၏ ဝိပဿနာသင်တန်း (၂၀၁၁ အောက်တိုဘာလ)

၇။ ဓမ္မရောင်ခြည်ဓမ္မဒါနမှ ဖွင့်လှစ်သော သာသနာပြုသင်တန်း အမှတ်စဉ် (၁)၊ (၂၀၁၂-ခု၊ ဇွန်လ)များကို တက်ရောက်ခဲ့သည် ။

## အောင်မြင်ခဲ့သောစာမေးပွဲများ

အမရပူရမြို့ မဟာဂန္ဓာရုံစာမေးပွဲ

မူလတန်း၊ ပထမတန်း

အောင်သုခဗိမာန် အာစိဏ္ဏကံ စာမေးပွဲ

မူ၊ ငယ်၊ လတ်၊ ကြီးတန်းများ နှင့်

နိုင်ငံတော်အစိုးရမှ ကြီးမှူးကျင်းပပြုလုပ်သော

အခြေပြုမူလတန်း၊ ပထမငယ်တန်း

ပထမလတ်တန်း၊ ပထမကြီးတန်း။

(၁၃၇၁) ခုနှစ် ဆေးမဟာဝိဇ္ဇာဘွဲ့၊

(၁၃၇၃) ခုနှစ် M.E.T (MONASTIC EDUCATIONTEA CHERSHIP) ဘွဲ့ တို့ ကို ဖြေဆိုအောင်မြင်ခဲ့ပါသည် ။

## သိက္ခာတင်၊ သိက္ခာဆင့်၊ ပစ္စည်းလေးပါးဒါယကာများ

၁။ ရဟန်းဒါယိကာမဒေါ်အေးဆန်း၊ ပခုက္ကူမြို့။

၂။ ရဟန်းဒါယကာ ဦးမြင့်နိုင်+ရဟန်းဒါယိကာမ ဒေါ်ခင်ထွေးရီမိသားစု၊ လပွတ္တာမြို့နယ်၊ ခရေကုန်းအုပ်စု၊ ဖလံချောင်းကျေးရွာ ဧရာဝတီတိုင်းဒေသကြီး။

၃။ ဒေါ်အေးအေးသောင်းမိသားစု၊ အမှတ် (၈) ရပ်ကွက်၊ သမာဓိ (၄) လမ်း မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

၄။ ဒါယကာဦးဇော်မြင့်+ဇနီး ဒေါ်ကြူကြူမိသားစု၊ နုံးပို့ရွာ၊ မြစ်ခြေမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

၅။ ဒါယကာဦးပြည့်စုံအောင်+ဇနီး ဒေါက်တာဖြိုးအိသိန်း၊ ရွှေကျီးမုန့်တိုက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်။

၆။ ဒေါ်စိန်မိသားစု၊ (၇)လမ်း (၃)ရပ်ကွက်၊ တ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

၇။ ရဟန်းဒါယိကာမဒေါ်သန်းရွှေ၊ ဦးသန်းထွန်း+ဒေါ်မြင့်မြင့်နွယ် အမှတ်(၅)၊ သဇင်လမ်း ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

၈။ အစ်ကိုဦးမြင့်တိုး+ဇနီး ဒေါ်ဖြူဝင်းမိသားစု ပခုက္ကူမြို့နယ် ကမ္မမြို့။

၉။ အစ်ကိုဦးအောင်သန်းဇော်+ဇနီးဒေါ်ဥမ္မာဝင်းမိသားစု လှိုင်သာယာမြို့နယ်၊ ရန်ကုန်။

၁၀။ ဒေါ်မြနုမိသားစု အမှတ်(၆၃၅)ရွှေဗဟိုလမ်း (၈)ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်။

အစရှိသူတို့ မှ ရှင်သာမဏေဘဝမှ ယခုအချိန်ထိ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းလျက်ရှိသည် ။

## သာသနာပြုဆောင်ရွက်မှုများ

(၁၃၇၄) ခုနှစ်တွင် သံဃတက္ကသိုလ် စာကြည့်တိုက်ဌာနတွင် လက်ထောက်စာကြည့်တိုက်မှူးအဖြစ် ခန့်အပ်ခံရ၍ လ/ထစာကြည့်တိုက်မှူးတာဝန်ထမ်းဆောင်ခြင်း။

တစ်ဘဝသာသနာဆရာတော်မျိုးစေ့ချခဲ့သော သံဃတက္ကသိုလ် မိုးကုတ်ဝိပဿနာဌာနတွင် အာစိဏ္ဏထံ ကမ္မဌာနစရိယအဖြစ် ထမ်းဆောင်ခြင်း။

သံဃတက္ကသိုလ် သာသနာပြုဌာနတွင် အထွေထွေစာပေပို့ချမှု ပါဝင်ထမ်းဆောင်ခြင်း။

သံဃတက္ကသိုလ် အောင်ဇေယျအဆောင်မှူးအဖြစ် သာသနာ့တာဝန်

ကို ထမ်းဆောင်ခြင်း။

မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက်တွင် လူငယ်လူကြီးအဖွဲ့ဝင် အင်အား (၂၀၀)ကျော်ဖြင့် သုခစမ်းရေ ပရဟိတ လူမှုကူညီရေးအသင်း ကို တည်ထောင်၍ အသင်း၏ နာယကအဖြစ် ဆောင်ရွက်ခြင်း။ အနယ် နယ်အရပ်ရပ်သို့လှည့်လည်၍ တရားဟောခြင်း၊ အစရှိသော သာသနာပြုလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိပါသည် ။

## စာပေရေးသားမှု

သက်တော် (၁၇)နှစ်အရွယ်မှ စ၍ (နံ့သာမြေ) နေရိပ်မြိုင်၊ ကိုရင်ပြုံး၊ ခင်ဘရဏီ၊ တက္ကသိုလ်နေမင်း၊ တေဇာဂုဏ်ဟူသော ကလောင်များ ဖြင့် ၊ ကဗျာလင်္ကာများ နှင့် ဝတ္ထု၊ ဆောင်းပါးများ ရေးသားခဲ့သည် ။

(၂၀၁၄) ခုနှစ်မှ စ၍ "နှလုံးလှ အမိုက်မ" လုံးချင်းဝတ္ထု၊ "အနှိုင်းမဲ့နှလုံးသားနှင့် ရသဝတ္ထုဆောင်းပါးကဗျာများ " "လွမ်းစေတီမှာ ကြွေတဲ့ အသည်း" ၊ "ကြွေးဟောင်းဆပ်ခွင့်ပြုပြီလေ" လုံးချင်းစာအုပ်များကို ထုတ်ဝေခဲ့သည် ။

ယခုအခါတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက်၊ သံဃတက္ကသိုလ်၊ ကမ္ဘာအေးရေကူးတွင် သီတင်းသုံးလျက် သာသနာ့ တာဝန်များကို ထမ်းဆောင်လျက်ရှိသည် ။

*****

# မရမ်းကုန်းမြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး
# ခရီးဇော်မီဒီယာတာဝန်ခံအလ်ဒီတာ
# မြေလတ်ထင်ကျော်စိုး၏
# မိတ်ဆက်အမှာ

စာဆိုအရှင် ဓမ္မကထိကဆရာတော် အရှင်တေဇနိယ(တက္ကသိုလ်နေမင်း)က အရှင်၏ ဟောစဉ်တရားစာအုပ်ဖြစ်သော ကြွေးဟောင်းဆပ်ခွင့်ပြုပြီလေစာအုပ်အတွက် အမှာ စာရေးပေးပါဟု တောင်းဆိုလာတော့ ကျွန်တော့်မှာ စိတ်နှလုံးပေါ့ပါးစွာပင် "ရေးပေးပါမည်"ဟု အာမဘာန္တေခံလိုက်ရပါသည်။

အဘယ်ကြောင့် ဆိုသော် ထိုအရှင်နှင့်ကျွန်တော့်ကြားကလွဲ၍ ပညာရှင်ကိုတန်ဖိုးထားခြင်း၊ သဒ္ဓါတရားစိတ်ထက်သန်ခြင်း၊ စာပေကိုမြတ်နိုးခြင်း၊ ပရဟိတစိတ်ရှိခြင်းစသည့်အချက်များ တူညီ၍ ညီအစ်ကိုအရင်းတမျှ လေးစားချစ်ခင်မှုရှိကြသူများ ဖြစ်ပါသည်။

တစ်နည်းဆိုရသော် စိတ်တူကိုယ်တူ ရည်မှန်းချက်ပန်းတိုင်တူသူများ မို့ သူတော်ချင်းချင်း သီတင်းလွှေ့လွှေ့ ပေါင်းဖော်မွေ့ကာ ထိုအရှင်၏ ပထမဦးဆုံးသောလုံးချင်း "နှလုံးလှအမိုက်မ" စာအုပ်မှာ ကတည်းက မိတ်ဆက်အမှာ ရေးသားဖူးပြီး ဆက်လက်ထွက်ရှိသည့် "လွမ်းစေတီမှာ ကြွေတဲ့ အသည်း"စာအုပ်ကိုလည်း ကျွန်တော်ကပင် CD အချပ်မှ သည် စာအုပ်ဖြစ်သည် အထိ အစအဆုံး တာဝန်ယူလုပ်ကိုင်ပေးခဲ့ရခြင်း၊ အခြားစာပေတိုက်များမှ ထွက်ရှိသော "အနိုင်းမဲ့နှလုံးသား"စာအုပ်နှင့်"ရွှေမြင်းမိုရ်ပြိုသောနေ့"စာအုပ်များအား အ

ရှင်၏ လက်ဆောင်ပေးအပ်မှုကြောင့် လေ့လာဖတ်ရှုဖွင့်ရရှိခြင်း၊ ရန်ကုန်နှင့်နယ်များ ရှိ ဓမ္မသဘင်တွင် ဟောကြားခဲ့သည့် DVD တရားတော်များအား စဉ်ဆက်မပြတ် နာကြားခွင့်ရရှိခြင်း၊ ထို့အပြင် ဆရာတော်မှာ ကဗျာစာပေကို မြတ်နိုးသူပီပီ တေးထပ်၊ လေးချိုး၊ သံပေါက်၊ ကာရန်ကဗျာများ ၊ တစ်ခါတစ်ရံ မော်ဒန်ကဗျာရေးသားကာ ရေးသားသမျှကိုလည်း ပုံနှိပ်စာလုံးအဆင့်မရောက်မီ လက်ရေးမူကတည်းက အမြည်းအဖြစ် ဖတ်ရှုခွင့်ရရှိခဲ့ခြင်းများကြောင့် ထိုအရှင်၏ လက်စလက်န အာဘော်တို့ ကို တီးခေါက်မိပြီး ယခုထုတ်ဝေမည့် ကြွေးဟောင်းဆပ်ခွင့်ပြုပြီလေစာအုပ်အတွက် အမှာ စာရေးပေးရန် အာမဘန္တေခံလိုက်ရခြင်းဖြစ်ပါသည် ။

ဆရာတော်သည် ဗုဒ္ဓဘုရားရှင်ဟောတော်မူခဲ့သော တရားတော်များကို လေးစားလိုက်နာသူပီပီ ဟောစဉ်တရားနှင့် ရေးသမျှစာအုပ်တိုင်းတွင် မိဘ၏ ကျေးဇူးတရားကိုသိတတ်ဖို့ ၊ ဘာသာတရားကိုအလေးထားဖို့ ၊ ပရဟိတစိတ်ရှိဖို့ ကို အစဉ်လိုလားပြီး ဤစာအုပ်တွင် လည်း မိဘတို့၏ ကျေးဇူးတရားကို သိတတ်စေရန် မိဘနှစ်ပါးကို ရဟန်းဝတ်ဖြင့်ဆွမ်းခံကျွေးသော ရဟန်းတော်လေးတစ်ပါး၏ အကြောင်းကို မီးမောင်းထိုးပြပြီး ပါဠိစာပေအကိုးအကားများ ၊ အခြားသော လောကီလောကုတ္တရာ ဗဟု သုတဖြစ်ဖွယ်ရာများ ဖြင့် မိဘကျေးဇူးကို အထူးသိတတ်စေရန် တစ်နာရီကျော်ကြာ ဟောကြားခဲ့သောဟောစဉ်တရားများ ဖြစ်ပါသည် ။

ဤစာအုပ်အား ဖတ်မိသူတိုင်း အသိပညာဗဟု သုတနှင့် အော့အန်အမြဲ၊ ခေါင်းခဲမူးဝေ၊ လက်ခြေမျက်နှာ၊ ဖောရောင်လာ၍ ၊ မှုန်ပြာမျက်စိ၊ မဂ်ယောနိမှ ၊ ဆင်းဘိသွေးလာ၊ ကျင်နာကိုက်ခဲ၊ ဗိုက်ခါးထဲ၌ ၊ စိတ်လည်း ပြောင်းပေ၊ ဤဆယ်ထွေသည် ၊ သန္ဓေဆောင်စဉ်ဒုက္ခတည်းဟူသော ကိုးလလွယ် ဆယ်လဖွားခဲ့ရသည့် မိခင်တို့ ၏ ဒုက္ခကို သားသမီး

တိုင်း သိရှိနားလည်နိုင်အောင် ဟောကြားထားသည် မှာ လွန်စွာမှ ပင် တန်ဖိုးရှိလှပါသည် ။

မိဘနှစ်ပါးတို့ မှာ သားသမီးတိုင်းအတွက် ဗြဟ္မာကြီးများ နှင့်လည်း တူကြောင်း၊ လက်ဦးဆရာများ လည်း ဖြစ်ကြကြောင်း၊ ကြီးကျယ်မြင့်မြတ်သူများ လည်း ဖြစ်ကြောင်းကို ကဗျာလင်္ကာများ ဖြင့် ဖွဲ့နွဲ့ဟောကြားထားသည် မှာ လည်း ကဗျာလင်္ကာကို ရွတ်ဆိုရုံမျှဖြင့် မိဘတို့ ၏ တန်ဖိုးကို သိရှိလွယ်မည်ဖြစ်ပါသည် ။

လူကလေးရဲ့ ငို

ခိုဖမ်းလို့ ပေး

ခိုဖြူခိုပြာနက်ရယ်

ဖမ်းခက်လှသေး။

ကြောင်ကြီးရဲ့ မြီးတန်တို

အဆီစားလို့ အသားကိုမြို

ကြောင်အိုပေမှေး

ကိုက်ပါနဲ့ လေး။

လူကလေးရဲ့ ချော့စရာ

မိတ္ထီလာကန်တော်အောက်က

ဖားကောက်ခဲ့ပါ စသည့် သားချော့တေးများ ဖြင့် ကြီးပြင်းလာခဲ့ရသော လူတိုင်းအတွက် ဤဆရာတော်၏ ဟောစဉ်တရားတွင် အသံနေအသံထားဖြင့် သီဆိုခဲ့သည် များကို ဤစာအုပ်တွင် ပြန်လည်ဖတ်ရှုရသူတိုင်း၏ နှလုံးစိတ်ဝမ်းတွင် ကြည်နူးချမ်းမြေ့ကြမည်မှာ လည်း အထူးညွှ

န်းစရာလိုမည်မဟုတ်ပေ။

ထို့ကြောင့် စာဆိုအရှင်ဓမ္မကတိကဆရာတော် အရှင်တေဇနိယ (တက္ကသိုလ်နေမင်း)၏ ကြွေးဟောင်းဆပ်ခွင့်ပြုပြီလေ စာအုပ်ကိုဖတ်ရှုမိပြီး စာဖတ်သူတို့ ၏ နှလုံးသားများ ပိုမိုနူးညံ့ကာ မိဘနှစ်ပါး ဆရာသမားတို့ ၏ ကျေးဇူးကို အထူးသိတတ်ကြမည်ဟု ယုံကြည်မိပါကြောင်း

**မြေလတ်ထင်ကျော်မိုး**

*****